## ၂၀၁၆ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **ခွင့်ပြုချိန် (၃)နာရီ**

**သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

### အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) ကုမ္ပဏီအသင်းများအနက် မြန်မာအမျိုးသမီးသမဂ္ဂကို ၁၉၁၈တွင် -------- မြို့၌စတင်တည်ထောင်သည်။

(၂) ဗမာ့ကာကွယ်ရေးတပ်မတော်၏ စစ်သေနာပတိအဖြစ် -------- အား ခန့်ထားခဲ့သည်။

(၃) မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၂၂တွင် -------- ဟူသော လစဉ်ထုတ်စာစောင်ရိုက်နှိပ်ဖြန့်ချိသည်။

(၄) ဖဆပလခေတ်တွင် ပြည်သူ့လွှတ်တော်နှင့် -------- လွှတ်တော်များသည် အာဏာပိုင်အဖွဲ့အစည်းများဖြစ်သည်။

(၅) အိမ်စောင့်အစိုးရလက်ထက် စီးပွားရေး၏အခြေခံဖြစ်သော -------- ကို အလေးပေး၍ဆောင်ရွက်သည်။

(၆) ၁၈၉၀၌ ဝန်ကြီးချုပ်ဖြစ်လာသော -------- လက်ထက်တွင် ဂျာမနီသည်ကိုလိုနီများရရန်အပူတပြင်း ဆောင်ရွက်လာသည်။

(၇) ထိုင်းနိုင်ငံကို ၁၉ရာစုနှောင်းပိုင်းမှစ၍ -------- မင်းဆက်များက သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။

(၈) ချက်ကိုစလိုဗားကီးယားနိုင်ငံရှိ -------- နယ်တွင် ဂျာမန်လူမျိုးသုံးသန်းကျော် နေထိုင်ကြသည်။

(၉) ကုလသမဂ္ဂတွင် ပင်မအဖွဲ့ကြီးခြောက်ဖွဲ့ရှိရာ ငါးခုသည် -------- မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် အခြေစိုက်ထားရှိသည်။

(၁၀) စစ်အေးဆိုသည့်စကားကို အင်္ဂလိပ်ဝန်ကြီးချုပ်ဟောင်း -------- က စတင်အသုံးပြုပြောကြားခဲ့ခြင်းဖြစ်သည်။

**[တစ်ဖက်သို့**

၁။ (ခ) အောက်ဖော်ပြချက်များကို **'မှား' (သို့မဟုတ်) 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) ဝိုင်အမ်ဘီအေအသင်း၏ သတင်းစာအဖြစ် မြန်မာပြည် ဗုဒ္ဓဘာသာသတင်းစာကို ထုတ်ဝေခဲ့သည်။

(၂) ကိုလိုနီခေတ်စီးပွားရေးမှာ ဖက်ဆစ်ဂျပန်တို့ ယူဆောင်လာသော အရင်းရှင်စီးပွားရေးသာ ဖြစ်သည်။

(၃) ဖဆပလ အစိုးရလက်ထက်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာရာ ရှေးဦးစွာ ပုန်ကန်သောင်းကျန်းသူများမှာ ကွန်မြူနစ်များ ဖြစ်ကြသည်။

(၄) မလေးစီးပွားရေးကို ဒုတိယနေရာမှ ချုပ်ကိုင်ထားသူများမှာ အင်္ဂလိပ်လူမျိုးများဖြစ်သည်။

(၅) ၁၉၅၄တွင်အမေရိကန်တို့၏ စစ်ရေးဆိုင်ရာအကူအညီဖြင့် ဗီယက်မင်းတပ်များကိုချေမှုန်းရန် ပြင်သစ်ဗိုလ်ချုပ်ကြီး နာဗားက စီမံကိန်းချခဲ့သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) တို့ဗမာအစည်းအရုံးကို တည်ထောင်စက အမျိုးသားရေးကို အခြေခံသော်လည်း ၁၉၃၆ မှစ၍ -------- ဝါဒကိုပါ လက်ခံလာခဲ့သည်။

(က) အမျိုးသားရေး (ခ) ဆိုရှယ်လစ် (ဂ) ကွန်မြူနစ်

(၂) အင်္ဂလိပ်-မြန်မာ -------- စစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံကို အုပ်စိုးပြီးနောက် ပုံနှိပ်တိုက်များ တည်ထောင်ကြသည်။

(က) ပထမ (ခ) ဒုတိယ (ဂ) တတိယ

(၃) ဆားဘီးယားဦးဆောင်သော ဆလပ်လူမျိုးများ သွေးစည်းညီညွတ်ရေးဝါဒကို အင်အားအကြီးဆုံး ဆလပ်နိုင်ငံဖြစ်သည့် -------- ကအားပေးသည်။

(က) ဩစတြီးယား (ခ) ဘော့စနီးယား (ဂ) ရုရှ

(၄) အီတလီ၌ ဖက်ဆစ်ပါတီကို -------- က ဦးဆောင်ပြီး အင်အားကောင်းလာသည်။

(က) မူဆိုလီနီ (ခ) ဟစ်တလာ (ဂ) ချာချီ

(၅) ၁၉၈၅မှစ၍ တရုတ်နိုင်ငံ၏ကျေးလက်ဒေသတိုင်းတွင် စက်ရုံရှိရမည်ဟူသည့်မူအရ -------- တိုးတက်လာစေရန် အားပေးခဲ့သည်။

(က)အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း(ခ) အကြီးစားစက်မှုလုပ်ငန်း(ဂ) အလတ်စားစက်မှုလုပ်ငန်း

## **အပိုင်း (ခ)**

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကို မှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) တိုင်းပြုပြည်ပြုလွှတ်တော် (၅ မှတ်)

(ခ) ဂျပန်ခေတ်ပညာရေး (၅ မှတ်)

(ဂ) ဖဆပလခေတ်ဘာသာရေး (၅ မှတ်)

(ဃ) တော်လှန်ရေးကောင်စီအစိုးရလက်ထက် ပြည်တွင်းပြည်ပသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ (၅ မှတ်)

(င) ဗာဆိုင်းစာချုပ်ပါဂျာမနီလက်နက်လျှော့ပေါ့ရေး (၅ မှတ်)

(စ) အီသီယိုးပီးယားအရေး (၅ မှတ်)

(ဆ) ကိုမင်ဖောင် (၅ မှတ်)

(ဇ) အာဆီယံအတွင်းရေးမှူးချုပ် (၅ မှတ်)

## **အပိုင်း (ဂ)**

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်**ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ဗမာ့ထွက်ရပ်ဂိုဏ်းအကြောင်း ရေးသားဖြေဆိုပါ။ (၁၅ မှတ်)

(၂) ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ပေါ်ပေါက်လာပုံကို ဖော်ပြပါ။ (၁၅ မှတ်)

(၃) မြန်မာနိုင်ငံ ကိုလိုနီပညာရေးစနစ်သည် အရင်းရှင်အစိုးရကို အထောက်အကူ ပြုရန် စတင်ခဲ့ကြောင်း တင်ပြပါ။ (၁၅ မှတ်)

(၄) ဖဆပလခေတ် နိုင်ငံခြားဆက်ဆံရေးကို ဖြေဆိုပါ။ (၁၅ မှတ်)

(၅) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်အုပ်ချုပ်ရေးကို ဖြေဆိုပါ။ (၁၅ မှတ်)

**[အခြားဖက်သို့**

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ပထမကမ္ဘာစစ်အပြီး ကျင်းပခဲ့သော ပါရီငြိမ်းချမ်းရေးညီလာခံကို ဖြေဆိုပါ။ (၁၅မှတ်)

(၂) တရုတ်နိုင်ငံ ရှေးဦးအမျိုးသားလှုပ်ရှားမှုများအနက် ထိုက်ဖင်အရေးတော်ပုံကို ဖော်ပြပါ။ (၁၅မှတ်)

(၃) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းတစ်ခုဖြစ်သည့် ကျူးဘားဒုံးပျံ အရေးအခင်းကို ဖြေဆိုပါ။ (၁၅မှတ်)

(၄) ဒုတိယကမ္ဘာစစ်ပြီးကာလ ထိုင်းနိုင်ငံ၏နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို ရေးသားဖြေဆိုပါ။ (၁၅မှတ်)

(၅) မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့ ပူးပေါင်းဆောင်ရွက်ချက်များကို ဖြေဆိုပါ။ (၁၅မှတ်)

---